# သန်းတင့်

# ကံဖွန်းသကဲ့ ဂယ်ဟို



designed by zemyatlynn

# ခင်ဖုန်းသက်ဝေ ဂယ်လာရီ
# သန်းတင့်
# အမှာနှင့်ဝန်ခံချက်

*

ကျွန်တော့်အသက် ၂၇ နှစ် မတိုင်ခင်ကပင် ဂီတနက်သန် ကိုစောညိန်း သီချင်းများကို နှစ်သက်ခဲ့ရဖူးသည်။ မိုးသက်လေနှင် သီချင်းတွင် "ချစ်တဲ့သူ ရဲ့ရင်ခွင် ဒီမိုးမှောင်တုန်း မောင်ပုန်းပါရစေ ခင်" ဟု သူပြောသည့်အခါ၊ ဒီ လူနှယ် ယောက်ျားတန်မဲ့ အားငယ်တတ်ရန်ကော ဟု ကျွန်တော်ကပင် အပြစ်တင်လိုက်မိသေးသည်။

သိပ်မကြာခင်မှာပဲ ကျွန်တော်လည်း ရင်ခွင်ကျယ်ပျောက်ဆုံးခြင်း ဝဋ်နာကံနာကို ခံစားရသောအခါမှ သူ့ကို စာနာ နားလည်လာမိပါသည်။ "ပြုံမှာလေလား မိုးရဲ့" ဆိုသော ကိုစောညိန်း၏ သီချင်းစာသားများနှင့် တုန်တုန်ယင်ယင် ကြောက်နေရှာသည့် လူငယ်လေး တစ်ယောက်ကို တချို့တလေ တွေ့ဖူးလိုက်ကြမည် ထင်သည်။

ကိုစောညိန်း ၂၇ နှစ်အရွယ်တွင် ကတ်ကြေးဖြင့်ထိုး၍ အသတ်ခံခဲ့ရ ကြောင်း၊ တချို့ကလည်း အရက်မူးနေကြသော မြင်းလှည်းသမားများ ဝိုင်း ရိုက်တာ ခံရပြီး သေဆုံးသွားရကြောင်း၊ စာအုပ်အဟောင်းများမှာ ဖတ်ဖူး လိုက်စဉ်က ကျွန်တော်လည်း ၂၇ နှစ် ပြည့်ခဲ့ပါပြီ။ သူ့ညီနှင့် လူမှားပြီး အသတ်ခံရတာဟုလည်း ဆိုကြပါသည်။ ထိုသို့ဖြင့် ပွင့်ဦးသီချင်းကို စတင် သိရှိခဲ့ခြင်းလည်း ဖြစ်သည်။

နောက်ပိုင်း သူ့အကြောင်းတွေ တို့စိ တို့စိ ဟိုနေရာမှာ ဖတ်ရ၊ ဒီနေရာမှာ နားထောင်ရ၊ တစ်ခါတစ်ခါ ဂီတသမားများထံမှ။ တစ်ခါတလေ ကဗျာသမားများထံမှ။ တစ်ခါတစ်ခါတော့ နိုင်ငံရေး အကျဉ်းသားအိုကြီးများနှင့် ရှေ့မီနောက်မီ အသိုင်းဝိုင်းထံမှ။ နွေနှောင်းဝသန်သီချင်းကို ဒဂုန်တာရာ ရေးတာ၊ ကိုစောညိန်း ရေးတာဟု အငြင်းအခုံပွဲများလည်း ဖတ်ခဲ့ ကြားခဲ့ရဖူးသည်။ ဒီတစ်ခုကိုဖြင့် ကျွန်တော် သိပ်ပြီး စိတ်မဝင်စားလှ။ နွေနှောင်းဝသန်ကို မရေးခဲ့လျှင်လည်း ကိုစောညိန်းသည် ကိုစောညိန်းသာ ဖြစ်နေပါလိမ့်မည်။

တခြားအရာများထက် တကယ်တမ်း ကျွန်တော်ချောက်ချား ကြောက်လန့်နေတတ်သည်က၊ ... ကျွန်တော့်နောက်ကို တကောက်ကောက် လိုက်နေတတ်သည်က "ပွင့်ဦး" သီချင်းသာလျှင် ဖြစ်သည်။ ကျွန်တော့်ကို ကယ်တင်ဖို့ ဘယ်သူ့ကိုမှ မအော် မခေါ်နိုင်အောင် ဖြစ်ရသည်အထိ သိမ်းပိုက် သွားပါသော ပန်းတစ်ပွင့်။ ပွင့်ဦးဟု မျက်ရည်စက်လက် ဆိုရပါမည်။ ပွင့်ဦးသည် ကိုစောညိန်း ရေးသားခဲ့သည့် သီချင်းတစ်ပုဒ်သာလျှင် ဖြစ်ပါသည်။

ထိုနေ့က ကောင်းကင်ကြီး ပြာကောင်း ပြာနေနိုင်ပါသည်။ ထိုနေ့က သပြေရွက်စိမ်းများပေါ် ကန်လေပြည် တစ်ချက်နှစ်ချက်မျှ တိုက်ခတ်ကောင်း တိုက်ခတ်သွားပါလိမ့်မည်။ ထိုနေ့က စိမ်းကြည်နေသော ကန်ရေပြင်ကို ကြည့်ရင်း အကြောင်းမရှိ အကြောင်းရှာ ဥဩငှက်လေး တစ်ကောင်တလေက သူ့အသံကိုသူ ပြန်စစ်ကောင်း စစ်နေနိုင်ပါသည်။ ထိုနေ့က ဖြစ်ပါသည်။ သီချင်းတွေကို ချစ်တတ်သော မြေလတ်ဒေသမှ "မေ"သည် ချစ်သော ဂီတနက်သန် ဆရာလေးနှင့် တွေ့ဆုံရန် ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့ပါသည်။ ထိုနေ့က မေသည် ကြံရည်ရောင် ဖိနပ်လေးနှင့်လည်း ဖြစ်နိုင်ပါသည်။

ကိုစောညိန်းနှင့် မေသည် တစ်ယောက်နှင့် တစ်ယောက် စာချင်းသာ ဆက်သွယ်ဖူးပြီး လူချင်း ပထမဦးဆုံး တွေ့ကြမယ်ဟု ချိန်းဆိုဖြစ်ကြသည်မှာလည်း ထိုနေ့ကပင် ဖြစ်ပါသည်။ မေ့အတွက် ရေးထားသည့် သီချင်းအသစ်လေး တစ်ပုဒ်ကို အိတ်ထောင်ထဲ ထည့်ရင်း မမြင်ဖူးသည့် ချစ်သူကို ရှာဖွေနေခဲ့သည့် လူငယ်လေးတစ်ယောက်၏ ထိုနေ့ကလည်း ဖြစ်နိုင်ပါလိမ့်မည်။ သီချင်းတစ်ပုဒ် အဖြစ်မှ ကျိန်စာတစ်ခုအဖြစ်သို့ လျှောကျငိုကြွေးသွားရသော ထိုနေ့ကလည်း ဖြစ်ပါသည်။

ကိုစောညိန်း အသတ်ခံခဲ့ရသော ထိုနေ့က ဘယ်တော့မှ ရောက်မလာနိုင်တော့မည့် သူ့ကို မြေလတ်မြို့သူလေး တစ်ယောက် ဘယ်အချိန်ထိ စောင့်နေသေးလဲ ဆိုတာတော့ ဒီနေ့အထိ ကျွန်တော်မသိပါ။ သူတို့လွဲခဲ့ကြပုံဇာတ်လမ်းက ကျွန်တော့်အဖို့ရာမှာ ပြာပဲ ပြာနိုင်လွန်းနေခဲ့သည်။

ပွင့်ဦးသီချင်းကို အကြိမ်အရေတွက် များစွာ ကျွန်တော် ဆိုဖြစ်ခဲ့ဖူးပါသည်။ သိုင်းနှင့် ဝိုင်းနှင့်၊ ဌာန်နှင့်မာန်နှင့် တစ်ခါတလေ တစ်ယောက်တည်း ဆတ်သွားဖူးတောတန်းလေး ဘေးက ပင်လယ်ကမ်းစပ်မှာ တစ်ခါတလေ ဝေဝန်မြစ်ရိုးတလျှောက်မှာ၊ တစ်ခါတစ်ခါ မိုလ်တထောင် ဆိပ်ကမ်းဘေးက အကြမ်းလည်းရ အချောလည်းရသည့် နေရီရီ ဆိုင်လေးတွေမှာ။

သို့သော်

"စပယ်ဖြူ တုံးခါမှ ခင်ဖုန်းသက်ဝေ ရယ်၊ ဘယ်စိတ်လည်လို့ ပေါ်လာပြန်တယ်" ဆိုသော စာသားနေရာ ရောက်လျှင် ကျွန်တော် ဆက်မဆိုဖြစ်တော့။ ထိုနေ့အကြောင်းကို သိပြီးချိန်မှ စ၍ နေ့စဉ်ရက်ဆက် ထိုနေရာ ရောက်လျှင် ဟိုလိုလို ဒီလိုလို အကြောင်းပြ၍ ကျွန်တော် ရပ်ပစ်လိုက်မိ သည်ချည်း။ သွေးတွေပေကျံနေသော သီချင်းများနှင့် တစ်ဘဝစာ အလွဲကြီးလွဲခဲ့

ကြသူ နှစ်ယောက်ကို အားနာလွန်း၍ ဖြစ်ပါသည်။

"သီတိုင်း သာမယ် မထင်လိုက်ပါနဲ့"

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ ၂၀၂၀

ဝန်ခံချက်

ခင်ဖုန်းသက်ဝေ ဆိုသည့် အမည်မှာ ဂီတနက်သန်ကိုစောညိန်း၏ ပွင့်ဦး သီချင်းမှ စာသားတချို့ကို နာမည်တစ်ခုအဖြစ် ယူငင် အသုံးပြုထားခြင်း ဖြစ်ပြီး ကဗျာတွင် ပါဝင်သော အကြောင်းအရာများကတော့ ကျွန်တော့်ကိစ္စ နှင့် ကျွန်တော်သာ ဖြစ်ပါသည်။

သန်းတင့်

***